Highlights from DVB Debate's Development helping Rakhine Show

March 31st, 2018

Is Development helping Rakhine?

## ဒေသဖွံ့ဖြိုးရေးက ရခိုင့်အရေးကိုပြေလည်စေမှာလား?

"ရခိုင်ပြဿနာကို အဓိကဖြစ်စေတဲ့အကြောင်းတရားက sub-determination လို့ခေါ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မိမိကံကြမ္မာမိမိဖန်တီးပိုင်ခွင့်တွေ ဆုံးရှုံးနေရလို့ ဒီလိုမျိုးဖြစ် နေရတယ်လို့ သုံးသပ်ပါတယ်။ "

**ဦးထွန်းသာစိန် ၊လွှတ်တော်အမတ်( မြောက်ဦးမဲဆန္ဒနယ် ၁)**

---

"ဖွံ့ဖြိုးတိုးတက်လာရင်တော့ ပြောင်းလဲကောင်းပြောင်းလဲနိုင်တဲ့သဘောပဲရှိမယ်။ သို့သော် ရခိုင်ပြဿနာ ကိုပြောင်းလဲ အဖြေရှာဖို့ အတွက်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ဖို့ လိုတယ်။ ဒီလူမျိုးစုနှစ်စုရဲ့ ယုံကြည်မှုတည်ဆောက်မှုကို အဓိကထားရမယ်။ ဒါဟာ ကျနော်တို့ NLD ရဲ့မူလည်းဖြစ်တယ်။ "

**ဦးယဉ်ဂင်း (ဥက္ကဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်၊ သံတွဲမြို့)**

---

"ကျနော့်အမြင်ကတော့ မဟာအင်အားကြီးနိုင်ငံများရဲ့ ပထဝီနိုင်ငံရေးကစားကွက်ထဲမှာ ဘူးသီးတောင်မောင်တောဒေသကလူတွေက ကစားခံနေရတယ်။"

**ဦးထွန်းသာစိန် ၊လွှတ်တော်အမတ်( မြောက်ဦးမဲဆန္ဒနယ် ၁)**

---

"ယုံကြည်မှုတည်ဆောက်ဖို ့ဆိုတာက ရခိုင်ပြည်နယ်မှာရှိတဲ့ အစိုးရရော လွှတ်တော်ရော သက်ရောက်နေတဲ့ အာဏာပိုင်အဖွဲ ့အဆင့်ဆင့် ယန္တရားကြီးရော တကယ်ပဲစိတ်ထားရှိမယ် ဆိုရင် ပြန်ပြီးတော့ သင့်မြတ်လိုတဲ့ဆန္ဒရှိရင် ဖြစ်နိုင်ပါတယ်။"

**ဦးမျိုးဝင်း Executive Director (Smile Education& Development Center)**

---------------------------------------------------------------------------------------------------

"လတ်တလောကတော့ ယုံကြည်မှုတည်ဆောက်ဖို့ ခက်ခဲလိမ့်ဦးမယ်။ ရခိုင်လူမျိုးတွေရဲ့ အရင်းအမြစ် မူလကိုးကွယ်တဲ့ဘာသာက ဗုဒ္ဓဘာသာဖြစ်တယ်။ ငါးပါးသီလဆိုတာရှိတယ်။ တခြားသောဘာသာကို ကိုးကွယ်တဲ့လူတွေကမူလအခြေတည်ရှိနေတဲ့ငါးပါးသီလကိုနားလည်ကြသလား။နိုင်ငံတော်ရဲ ့ဥပဒေ ကိုရော လိုက်နာနိုင်ကြရဲ ့လား။ လိုက်နာတဲ့အဆင့်ကိုထားလိုက်ဦး။ သိကြသလား။ ဆိုတော့ ဒါလည်းအရေးကြီးတယ်လို့ ကျနော်ထင်တယ်။"

**ကိုဇော်ထွေးနိုင် ၊ လူငယ့်ရေးရာမူဂါဒ (ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်) ရခိုင်ပြည်နယ်။**

---------------------------------------------------------------------------------------------------

"ယုံကြည်မှုတည်ဆောက်ဖို ့ကမဖြစ်သေးဘူး။ ကျနော်တို ့ကြားထဲမှာ မတူညီမှုတွေရှိနေတယ်။ မတူညီမှုတွေကို တူအောင်လုပ်လို ့ရပ့ါမလားဆိုတဲ့အချက်ကို အဓိကစဉ်းစားစေချင်တယ်။ သူတို့ ဖက်ကရော ဖြစ်နိုင်မလားလို့ မေးချင်တယ်။ "

**ကိုဇော်ထွေးနိုင် ၊ လူငယ့်ရေးရာမူဂါဒ (ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်) ရခိုင်ပြည်နယ်။**

---------------------------------------------------------------------------------------------------

"နိုင်ငံတော်ဘတ်ဂျက်ကရှမ်းပြည်နယ်ပြီးရင် ရခိုင်ပြည်နယ်က ဒုတိယ အများဆုံးလို ့ပြောတယ် ကတော့ မှန်ပါတယ်။ ဒါပေမယ့် ဒါက ရခိုင်ပြည်နယ် ဘူးသီးတောင်မောင်တော ဒေသမှာ ချထားတဲ့ အထူး အဖြစ်ချထားတဲ့ ရံပုံငွေ တွေကိုပါ ထည့်တွက်လို့ဖြစ်တယ်။ ယူဆတယ်။ "

**ဦးထွန်းသာစိန် ၊လွှတ်တော်အမတ်( မြောက်ဦးမဲဆန္ဒနယ် ၁)**

---------------------------------------------------------------------------------------------------

"ကျနော်တို ့လူငယ်တွေအနေနဲ ့ကတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုဆက်တိုက်လုပ်နေတယ်။ အစိုးရအနေနဲ ့ဂန်းရံပေးဖို ့တော့လိုတယ်။ Public လူထုကပဲ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို သီးသန် ့လုပ်နေရုံနဲ့ တော့ရမှာမဟုတ်ဘူး။"

**ကိုဇော်ထွေးနိုင် ၊ လူငယ့်ရေးရာမူဂါဒ (ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်) ရခိုင်ပြည်နယ်။**

---

"စီးပွားရေးဖွံ့ဖြိုးလာရင် ရခိုင်ဒေသငြိမ်းချမ်းလာမယ်ဆိုတာကို သုံးပုံနှစ်ပုံလက်ခံပါတယ်။ "

ပရိသတ်- မိမိခိုင်

---

"ရခိုင်ဒေသဖွံ့ဖြိုးရေးဟာ ရခိုင်ဒေတည်ငြိမ်အေးချမ်းရေးနဲ ့လုံးဂမသက်ဆိုင်ပါဘူး။ ရခိုင်မှာဖြစ်တဲ့ပြဿနာက ဒေသဖွံ့ဖြိုးရေးနဲ့ နှိုင်းယှဉ်ပြောမယ်ဆိုရင် ဒါဟာ အနာတခြားဆေးတခြားပါ။"

ပရိသတ်- ကိုဂင်းမောင်

---